# CHINLAND DEFENSE FORCE
**MATUPI**

## သဘောထားထုတ်ပြန်ကြေညာချက်

ကြေညာချက်အမှတ် ၂/၂၀၂၁

ရက်စွဲ။ ။၂၀၂၁ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်

၁။ Chinland Defense Force (Matupi) သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်ကောင်စီမှ မတရားအာဏာသိမ်းပြီး မတူပီမြို့ စစ်အာဏာရှင် ဆန့်ကျင်ရေး သပိတ်တိုက်ပွဲတွင် ပါဝင်ခဲ့ကြသည့် လူငယ်များမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁၆) ရက်နေ့တွင် **မတူပီမြို့နယ် ပြည်သူ့လုံခြုံရေးအဖွဲ့ (Matupi Security Team)** အဖြစ်စတင်ဖွဲ့စည်းခဲ့ပြီး မတ်လ (၃၁) ရက်နေ့တွင် **မတူပီတော်လှန်ရေးတပ် (Matupi Revolutionary Force-MRF)** အဖြစ် တိုးမြှင့်ဖွဲ့စည်းခဲ့သည်။ ထိုမှတစ်ဆင့် ချင်းဒေသ တစ်ဝှမ်းလုံးရှိ ချင်းလူငယ်များနှင့် ဆွေးနွေးမှု (၃) ကြိမ်ပြုလုပ်ပြီးနောက် **Chinland Defense Force (Matupi)** အဖြစ် မတူပီမြို့နယ် အတွင်းရှိ တက်ကြွလှုပ်ရှားသူများကို အခြေခံပြီး လူမျိုးပေါင်းစုံဖြင့် ဧပြီလ (၁၀) ရက်နေ့တွင် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

၂။ မိမိတို့ CDF (Matupi) သည် ဧပြီ ၂၇ ရက်နေ့တွင် ဖွဲ့စည်းပြီးကြောင်း ကြေညာချက်အမှတ် ၁/၂၀၂၁ ဖြင့် ထုတ်ပြန်ကြေညာပြီး ထိုနေ့တွင် **CDF (Headquarters-ဗဟို) နှင့် CNA/F (ဌာနချုပ်)** မှလည်းကောင်း၊ ဇွန်လ (၁၇) ရက်နေ့တွင် **National Unity Government (NUG)** မှလည်းကောင်း အသိအမှတ်ပြုသော တရားဝင် ပြည်သူ့လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည်။

၃။ CDF (Matupi) သည် ချင်းအမျိုးသားတပ်ဦး (CNF) ၏ လမ်းညွှန်မှုကို ခံယူ၍ ချင်းအမျိုးသား တပ်မတော် (CNA) ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ဒေသအသီးသီးရှိ CDF တပ်ဖွဲ့များနှင့်အတူ တိုက်ပွဲဝင်မည်။

၄။ CDF (Matupi) ၏ အမည်နာမ၊ အမှတ်တံဆိပ် နှင့် ဆင်တူယိုးမှား ဖြစ်သော အများပြည်သူ ထင်ယောင်ထင်မှား ဖြစ်စေသည့် ပြောဆိုချက်၊ ရေးသားချက် နှင့် ကြေညာချက်များကို မိမိတို့ CDF (Matupi) မှ ပြင်းထန်စွာ ရှုတ်ချကန့်ကွက်သည်။

၅။ မိမိတို့ အဖွဲ့အစည်းကို ပူးပေါင်းပါဝင်လိုသော မတူပီမြို့နယ် အတွင်းရှိ စစ်အာဏာရှင် စနစ်ကို လက်နက်ကိုင် ဆန့်ကျင် တော်လှန်သည့် မည်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ကြိုဆိုလက်ခံပါသည်။

Central Executive Committee
Chinland Defense Force (Matupi)

ဆက်သွယ်ရန်-

+919362637986, +919362386850, +919362220591
cdfmatupi@gmail.com